# ရေဖြူအလယ်ကျေးရွာ

# ပင်းတယမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေဖြူအလယ်ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ရေဖြူအလယ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်
၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**
၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈ အိမ်သာ အမျိုးအစား
ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို

တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးပြ ြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း
လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေဖြူအလယ်ကျေးရွာ
ပင်းတယမြို့နယ်

## ရေဖြူအလယ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်



ဘုန်းတော်ကြီး
စာသင်ကျောင်း
စာကြည့်တိုက်
လက်ဖက်ခြံ
နွားကျွဲစားကျက်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးေ ေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ဌာန ဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းေ ေင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများ ကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများက ိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူ တည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပင်းတယမြို့နယ် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး

အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသည်။ ကျေးရွာ အနီးတွင် တောတောင်မြစ်ချောင်းများရှိသည်။မြေပြင်အနေအထားမှာ ကုန်းစောင်းဖြစ်သည်။ဥယျာဉ်မြေများသည် လက်ဖက်၊ သရက်၊ ပြောင်း၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန် အဓိကထားရာဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

ဥယျာဉ်မြေအသင့်အတင့်ရှိပြီး ကုန်းစောင်းဒေသဖြစ်ကာမြေဆီနိမ့်ကျမှုရှိသည်။ ကျေးရွာတွင် သယံဇာတမထွက် ရှိပါ။ တောင်သူများမှာ မိုးရာသီကို အားကိုးစိုက်ပျိုးကြသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေများမှာ (၂၈၄)ဧက ရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၉၂)စုနှင့် ကျား (၂၃၆)၊ မ(၂၁၁) ဦးဖြင့် လူဦးရေပေါင်း (၄၄၇)ဦးရှိကာ တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ (၄.၉)ဦးနှုန်းရှိ နိုင်ငံတော်၏ တစ်အိမ်ထောင်ရှိ ပျမ်းမျှနှုန်းနှင့် ကိုက်ညီသည်။ ကျေးရွာတွင် ဓနုလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၄.၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄% လျော့နည်းသည်။

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်း သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၅၃% သည် ဆင်းရဲနှင့်အလွန်အိမ်ထောင်စု အဖြစ်ခံယူကြပြီး ၁၈% သည် ချမ်းသာသည့်အဆင့်၊ ၂၁% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြ သည်။ ကျေးရွာတွင် ဥယျာဉ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှုများမှာ တစ်အိမ်နှင့် တစ်အိမ် သိပ်ကွာခြားချက်မရှိပေ။ အချို့မှာ မြေပိုင်များပေမယ့် အဆင်မပြေသောမိသားစုများရှိပါသည်။ ကျေးရွာစီးပွားရေးအနေအထားမှာ အောင်မြင်မှု နည်းပါးသည်ဟု ယူဆသည်။ အိမ်ထောင်စုအချို့မှာ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။ အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။

ကျေးရွာတွင် ဆင်းရဲအဆင့်အိမ်ထောင်စုမှာအများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောတောင်သူများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ ၁၄.၁% ရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအချို့မှာ ရာသီလိုက် ဥယျာဉ်ခြံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ဈေးရောင်းလုပ်ငန်းများ၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော (၁၇)စုကို လေ့လာဆန်းစစ်မှုအရ ၁၀% မှာသူတစ်ပါး ထံမှချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၅၉% မှာ သူတစ်ပါးထံမှမချေးမငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း၊ ၁၈% မှာ ၃ လမှ ၅လ ခန့်၊ ၂၃% မှာ ၆ လမှ ၁၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၃၀၀၀၀၀/ ကျပ်မှ ၂၀၀၀၀၀၀/ ကျပ်ထိ တင်ရှိနေကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၃)ဦးရှိသည်။ ရွာပြင်ပသို့ အလုပ်သွားရောက်ပြီးဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ် လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့်ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ရှိတတ် ကြသည်။

### (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ၂ မိုင်သာ ကွာဝေးပြီးကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များ နှင့် လည်းလက်လှမ်းမီသည်။

ကျေးရွာ မိုးရေကို မိုးတွင်း၌ သောက်သုံးရေအဖြစ် သုံးစွဲကြပြီး နွေရာသီတွင် ဇော်ဂျီမြစ်မှခတ်ယူသုံးစွဲကြသည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖိုက်၊ အစာအိမ်ရောင်ရောဂါဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ တွဲဖက် အလယ်တန်းရွှေပုထိုး(တောင်)၊ အထက်တန်းကို အ.ထ.က ပင်းတယမြို့ တွင် တက်ရောက်သင်ကြားကြသည်။ သို့သော် သက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများမှာ နိမ့်ကြဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

### (စ) ကျား/မ ရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မရေးရာကိစ္စဆိုင်ရာများမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်း တွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးသည် သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများ တွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ

အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့ရှိသည်။ ယင်းအဖွဲ့ များအနက် ပရဟိတအသင်းမှာ လူမှုရေးလုပ်ငန်းများနှင့် နာရေးကိစ္စအပါအဝင်ဆောင်ရွက်လျက်ရှိပြီး လုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လက်ဖက်နှင့် ပြောင်း၊ ပဲအမျိုးမျိုးအဓိကထားစိုက်ပျိုးကြသည်။ လက်ဖက်ဧက (၅၀)ရှိပြီး သီးထပ်အဖြစ်မြေပဲ (၁၀)ဧက၊ ပြောင်း(၁၀)ဧကကို စိုက်ပျိုးကြသည်။ လက်ဖက်ပျမ်းမျှအထွက်နှုန်းမှာ (၁၀၀)ပိဿာ မြေပဲ (၂၅)ပုံး၊ ပြောင်း (၂၅)ပိဿာတို့ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် ဥယျာဉ်ခြံလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားကိုငှားရမ်းရရှိနိုင်ကြကာ ကုန်ကြစရိတ် မြင့်မားရသည်။ တောင်သူများသည် တခါတရံ မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျ ရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူရေးအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၁၁% နှုန်းဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၇% ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ကျွဲ/နွား မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၁၄% မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများကျရောက်ပြီး သေဆုံးတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှချေးငှားသူတို့ထံမှချေးငှားလျှင် လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန်စားကျက်မြေနေရာ အဆင်မပြေသောကြောင့် တိုးချဲ့ မွေးမြူရန်အခက်အခဲရှိသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်များ၊ သယ်ယူ ပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်

လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေးများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။ မြို့ပေါ်တွင်သက်မွေးဝမ်းကြောင်းသင်တန်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ စာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊

မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်း စရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စု အချို့သာ အပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေး စနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် ကုန်းမြင့်ဒေသဖြစ်သောကြောင့် မုန်တိုင်းဘေးအန္တရာယ်နည်းပါးသည်။ အားပျော့သောမုန်တိုင်း ဝင်ရောက်မှုသာ တခါတရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေး အန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် အစိုးရဘဏ်/စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း ၁၅ ပြားတိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၅ ဧကအတွက် ချေးယူနိုင်ကြသည်။ ငွေချေးတောင်သူများမှာ သီးနှံအလိုက်ပြန်လည်ပေးဆပ်ရမှုကာလမှာ ကွာဟမှုရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေ အထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့် လွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထား ကြပြီး အကြွေးငွေ ၃၀၀၀၀ ကျပ်မှ နှစ်သိန်းအထိချေးယူထားကြကြောင်း တွေ့ရှိရသည်။

**(စ) ပညာရေး/ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတင် မူလတန်းကို ၈၁ ပေ၊ ၃၀ ပေ၊ ၁၀ ပေ အရွယ်ရှိ သွပ်မိုးအုပ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်း ဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး

လူဦးရေအားလုံး၏ ၁၃.၈% မှာ ဘွန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ်ကျောင်း အပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိမူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေကြောင်း တွေ့ရှိရသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှုမရှိပေ။ မူလတန်းပြဆရာ/မ (၆)ဦး ရှိကြသည်။ ကျေးရွာမူလတန်းကျောင်းတွင်(၈၄)ဦး တက်ရောက်သင်ကြားနေသည်။ ၄၈ ဦးမှာ ကျေးရွာမှတက်ရောက်ပြီး ကျန်(၄၀)ဦးမှာ ရွာချင်းဆက်ဇော်ဂျီကျေးရွာမှ တက်ရောက်ကြပြီး ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုး ပေးခဲ့သည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေး

ဝန်ဆောင်မှုမှာ ပင်းတယမြို့နယ်ဆေးရုံသို့သွားရောက်ကုသကြသည်။

သောက်ရေအတွက် မိုးရာသီတွင် မိုးရေကိုအသုံးပြုကြပြီး နွေရာသီတွင် ရွာအနီးရှိစိမ့်စမ်းချောင်းနှင့် ဇော်ဂျီချောင်းမှရေကိုဝယ်ယူသုံးစွဲကြသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကိုအုပ်ဖြင့်ဆောက်လုပ် ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြု ရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပမ်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက် ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

## (ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၅ ခုနှစ်က ၃ မိုင် အရှည်ရှိကတ္တရာလမ်းကို နတလကခင်းပေးခဲ့သည်။ ကျေးရွာရှိရွာတွင်းလမ်းမှာ ကျောက်၊ သဲခင်းလမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၃၇)စီး၊ မော်တော်ဆိုင်ကယ် (၇၂)စီး၊ ထော်လာဂျီ (၇)၊ ကား (၂)စီး၊ နွားလှည်း(၂)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးပြုလုပ်ဆဲဖြစ်ပြီး မရရှိသေးပါ။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ ၈၀% ခန့်သည် ဆိုလာမီးများကို အသုံးပြုကြသည်။ ကျေးရွာတို့မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ ရွာသားများသည် သတင်းစာ၊

ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုခြင်းနည်းပါးသည်။ တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော် လည်း ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့လွယ်ကူစွာချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသဖြင့် ထင်းများကိုတောတောင်များနှင့် ဥယျာဉ်ခြံစီးရိုးတို့မှ ခုတ်ယူသုံးစွဲ ကြသည်။ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အခက်အခဲဖြစ်၍ လူနေမှုအဆင့်အတန်းနိမ့်ကျသည်။

လူငယ်ပညာတတ်နည်းပါးပြီး လူဦးရေအားလုံး၏ ၈၃% မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက်နည်းပါးသည်။ ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကြောင်းသင်တန်းများကို လူငယ်များကိုလေ့ကျင့်သင်ကြား ပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီ နိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ပင်းတယမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသောအဆင့်တွင်ရှိေနေသည်။

သဘာဝအရင်းအမြစ်များတွင် ဥယျာဉ်ခြံမြေများသည် ကုန်းစောင်းဖြစ်ပြီး မြေဆီဩဇာနိမ့်ကျသည်။ တောင်သူ များလည်း ဥယျာဉ်ခြံထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကျွဲ၊ နွားကို တိုးချဲ့မွေးမြူရန် အခွင့် လမ်းသာသည်။ သို့သော် မွေး/ကု ဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ

ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက် ပေးရန်လိုအပ်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ ဥယျာဉ်မြေများမှာ မြေဆီလွှာနိမ့်ကျသဖြင့် တောင်သူများမှာ အထွက်နှုန်းတိုးအောင်အားစိုက်ရ ပေသည်။ အခြားသယံဇာတများလည်း မထွက်ရှိပါ။

စိုက်ပျိုးသောသီးနှံများတွင် ကျရောက်တတ်သောဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်ရည်ရှိသော ကြောင့် စိုက်ခင်းများပျက်စီးမှုများသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင် သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသောလည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန် စာရွက် စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ အထိအတွေ့တို့အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကန ်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး

ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကြောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် စီးပွားရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတွက် မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှိနိုင်ရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ များထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ စာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများ ကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကိုအသုံးပြုစီမံခန့်ခွဲ/ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း

တိုးတက်အောင်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တန့်မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့် ပါသည်။ ကျွန်တော်တို့ကျေးရွာသားကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် လက်ဖက်ကိုအဓိကစိုက်ပျိုးကြပြီး မြေပဲ၊ ပြောင်းကိုသီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်သည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်သည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနိုင်နင်းရေးနည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူနှင့် အသေးစားလုပ်ငန်းရှင်များ သည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ် ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားသည်။ မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများ အတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်ပေးသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ် အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်း ဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာ တစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်လုပ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်း စီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါအဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်မည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုထားသည့်ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း

ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ဘဏ္ဍာနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်းရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | - ရေလှောင်ကန်(၂)ကန်တည်ဆောက်ပေးရန်။ | ၅၀ | ၁ | | ကျေးလက်ဦးစီး |
| | - ရွာတွင်းရေပိုက်သွယ်တန်းပေးရန်။ | ၆၇ | ၂ | | |
| | - ရေထွက်သွားလမ်းကျောက်ချောရန်(၂)မိုင်။ | ၆၅ | ၃ | | |
| | - ရေကျော်တံတား(၁)စင်းဆောက်ပေးရန်။ | ၃၈ | ၅ | | |
